## November- 1 (နိုဝင်ဘာလ ၁)

**“အို ထာဝရဘုရား၊ အကျွန်ုပ်၏ နှုတ်ရှေ့မှာ ကင်းကိုထားတော်မူပါ။ အကျွန်ုပ်၏ နှုတ်ခမ်းတံခါးကို စောင့်တော်မူပါ။” (၂ကော ၅း၁၄)**

ကျွန်ုပ်တို့၏ စိတ်နှလုံးများနှင့် အတွေးများကို စောင့်ကြပ်လျက် တားဆီးထားသော ကြိုးကဲ့သို့ ကျွန်ုပ်တို့၏ အပြုအမူများနှင့် အပြောအဆိုများအပေါ် တာဝန်ယူစောင့်ကြည့်လျက်ရှိသော အင်္ဂါများ (သို့)ကင်းစောင့်အရေအတွက်မှာ အလွန်နည်းကြပြီး ခွန်အားရှိသော အရာတစ်ခုဖြစ်ပါသည်။ ဤနေရာတွင် ကျွန်ုပ်တို့အနေဖြင့် အထူးသတိရှိကြရန် လိုအပ်ပါသည်။ စိတ်နှလုံးထဲ၌ ပြုမူနေထိုင်ပုံနှင့် စကားလုံးများ၌ ပို၍ပွင့်လင်းသော လူငယ်များ၌ နမူနာတွေ့ရပါသည်။ နှလုံးသားထဲမှာ မှန်ကန်သော ခံစားချက်ရှိပြီး ဖော်ပြခြင်းနှင့် စပ်ဆိုင်သော သူတို့၏ အပြုအမူအတွက် သူတို့၏ စောင့်ထိန်းခြင်းအပေါ်တွင် ယခင်ကထက် အားနည်းကြပါသည်။ သို့သော် သူတို့သည် တမန်တော်ရှင်ပေါလု၏ စကားများကို မှတ်မိဖို့ လိုအပ်ကြပါသည်။ ငါတို့ရှိသမျှသည် အများအားဖြင့် မှားတတ်ကြ၏။ စကားအားဖြင့် မှားခြင်းမရှိသောသူ မည်သည်ကား စုံလင်သောသူဖြစ်၏။ မိမိတစ်ကိုယ်လုံးကို ချုပ်တည်းနိုင်သောသူ ဖြစ်၏။ (ယာ ၃း၂)

## November- 2 (နိုဝင်ဘာလ ၂)

**“ဧလိကလည်း ထာဝရဘုရားဖြစ်လျှင် အလိုတော်ရှိသည့်အတိုင်း ပြုတော်မူပါစေသော ဟု ဝန်ခံလေ၏” (၁ ရာ ၃း၁၈)**

ကျွန်ုပ်တို့၏အမြင့်ဆုံးသော စိတ်သက်သာကျေနပ်မှုအတွက် မည်သည့်အရာ ဖြစ်သည်ကို ကျွန်ုပ်တို့ မသိကြပါ။ တခါတလေကောင်းသည်ဟု စဉ်းစားတွေးတောထားသည့် ကျွန်ုပ်တို့ စွဲကိုင်ထားရန် တောင့်တလျက် ဆန္ဒရှိသော ထိုအရာများသည် အမှတ်တကယ်တွင် ကျွန်ုပ်တို့အတွက် အကျိုးကျေးဇူးမရှိခဲ့ပါ။ စစ်ဆေးခြင်းများ၊ အခက်အခဲများနှင့် စိတ်ရှုပ်ထွေးခြင်းများသော အမှောင်ထုကို ထိုးဖေါက်ရန်ယုံကြည်ခြင်းအားဖြင့် တတ်စွမ်းနိုင်သော သူတို့သည် မင်္ဂလာရှိကြ၏။ သူတို့သည် သူ၏ လူတို့ဖြစ်ကြသည်ဟု ဘုရားသခင်သည် သိတော်မူသည်ကိုဂုဏ်၊ သူတို့အကျိုးအဖို့ အလို့ငှာအတွက် ခပ်သိမ်းသော အရာတို့အား တညီတညွတ်တည်း ဖြစ်စေသည်ဟု နားလည်ကြသောသူများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၌ စိတ်ရှည်စွာ စောင့်ဆိုင်းကြရမည် ဖြစ်ပါသည်။ ကျွန်ုပ်တို့အတွက် သိမှတ်နိုင်သော သူ၏ ပြင်ဆင်ခြင်းများအဖြစ် ဤကဲ့သို့သော အတွေ့အကြုံများကို ကျွန်ုပ်တိုပ ဝန်ခံရမည့်သူ ဖြစ်သော သူ၏ပညာ ၊မေတ္တာနှင့်တန်ခိုးတော်ကို မေးခွန်းမထုတ်ဘဲ သည်းခံလျက် ခံယူသင့်ပါသည်။

## November- 3 (နိုဝင်ဘာလ ၃)

**“စုံစမ်းနှောင့်ယှက်ခြင်းနှင့် ကင်းလွတ်မည့်အကြောင်းဆုတောင်းလျက် စောင့်နေကြလော။ စိတ်ဝိညာဉ်ကား စေတနာ ရှိပြားသော်လည်း၊ ကိုယ်မူကား အားနည်းသည်ဟု ပေတရုအား မိန့်တော်မူပြီးမှ” (မ ၂၆း၄၁)**

အချို့သောသူတို့မှာ သတိနဲ့စောင့်ကြည့်ခြင်းမရှိဘဲ ဆုတောင်းခြင်းနှင့်စပ်ဆိုင်သော အမှားကိုပြုလုပ်ကြပြီး အခြားသူတို့မှာ ဆုတောင်းခြင်းမရှိဘဲ စောင့်ကြည့်ခြင်းကို မှားယွင်းစွာ ပြုလုပ်ကြပါသည်။ သို့သော် ကျွန်ုပ်တို့၏သခင် ညွှန်ကြားခဲ့သော လုံခြုံပြီး သင့်လျော်သော တစ်ခုတည်းသော နည်းလမ်းမှာ နှစ်ခုကို ပေါင်းစပ်ရန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ စောင့်ကြည့်ရမည် ဖြစ်ပါသည်။ လောက၊ ဇာတိနှင့် စာတန်၏ ကျူးကျော်ဝင်ရောက်မှုများကို ဆန့်ကျင်ရန် စောင့်ကြည့်ရပါမည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်မှ အားပေးမှုများ အားလုံးအတွက်

ကျွန်ုပ်တို့သည် စောင့်ကြည့်ရပါမည်။ သူ၏ မျက်မှောက်ခေတ်၌ ရောက်ရှိခြင်းနှင့်ဆိုင်သော နိမိတ်လက္ခဏာများနှင့်မကြာခင် ဖြစ်လာတော့မည့် ခေတ်ကာလ အပိုင်းအခြားနှင့်ဆိုင်သောကြီးစွာသော ပြောင်းလဲမှုများနှင့် သူတို့၏ ပြည့်စုံခြင်းနှင့်ဆိုင်သော သက်သေအထောက်အထားများကို စောင့်ကြည့်ရမည် ဖြစ်ပါသည်။ ယုံကြည်ခြင်း၌၎င်း၊ မျှော်လင့်ခြင်း၌၎င်း၊ ချစ်ခြင်းမေတ္တာ၌၎င်း၊ သစ္စာရှိခြင်း၌၎င်း ခိုင်ခံ့စေမည်ဖြစ်သော အရာအားလုံးအတွက် ကျွန်ုပ်တို့သည် စောင့်ကြည့်ရမည် ဖြစ်ပါသည်။ သတိနှင့်စောင့်ကြည့်နေစဉ် တစ်ဖက်တွင်လည်း ဆုတောင်းခြင်းကို မရပ်ဘဲ ကျွန်ုပ်တို့ ဆုတောင်းရမည်ဖြစ်ပါသည်။ သခင်ဘုရား၏ လူများအဖြစ် ကျွန်ုပ်တို့အတူတကွ ဆုတောင်းကြရမည် ဖြစ်ပါသည်။ မိသားစုများအဖြစ် ကျွန်ုပ်တို့အိမ်များ၌ ဆုတောင်းကြရမည် ဖြစ်ပါသည်။ တစ်ဦးချင်း တိတ်ဆိတ်သောနေရာ၌ ကျွန်ုပ်တို့ ဆုတောင်းကြရမည် ဖြစ်ပါသည်။

## November- 4 (နိုဝင်ဘာလ ၄)

### “မိမိအသရေကိုစွန့်၍ အစေခံကျွန်၏ သဏ္ဌာန်ကို ယူဆောင်လျက်၊ လူကဲ့သို့သော အဖြစ်၌ ဖွားမြင်ခြင်းကို ခံတော်မူ၏” (ဖိ ၂း၇)

သူတို့၏ စိတ်ဝင်စားမှု၌ ကွဲပြားလျက်ရှိသော သခင်နှစ်ဦးစလုံးအား ကျေနပ်စေရန်သော်၎င်း၊နှစ်ဦးစလုံးအား မှန်ကန်မျှတသည့် သဘောရှိစေရန်သော်၎င်း၊ အစေခံနိုင်သောသူ တစ်ဦးမျှ မရှိသကဲ့သို့တစ်ချိန်တည်းမှာပင် စာတန်အား ကျေနပ်စေရန် လက်ခံလျက်၊ ဤလောက၏ဘုရား၊ ယခုမျက်မှောက်ခေတ်ကာလအပိုင်းအခြား၌ အုပ်စိုးလျက်ရှိသောသူနှင့် လိုက်လျောညီထွေခြင်း၌ ရှိကြသောသူတို့သည် ဘုရားသခင်နှင့် ဖြောင့်မတ်ခြင်းတရားအတွက် ဘယ်တော့မှ အစေမခံနိုင်ပါ။ သခင်ဘုရား၏ ဆက်ကပ်အပ်နှံထားသော လူတို့၏အားလုံး (သို့)ကောင်းကင်ဘုံ၌ ဘဏ္ဍာများကို ချထားလျက် ဘုရားသခင်ထံ၌ ချမ်းသာကြွယ်ဝကြလိမ့်မည်ဖြစ်သောသူ အားလုံးတို့သည် ဆက်ကပ်အပ်နှံခြင်း မရှိကြသော ကောင်းကင်ဘုံဆိုင်ရာ နိုင်ငံတော်ကို ရရှိခြင်းအတွက် သူတို့၏စိတ်ဝင်စားမှုများကို စတေးခြင်းမရှိဘဲ၊ အခြားဘုရား၊ မိမိအတ္တနှင့် ယခုဘဝအသက်တာအတွက် အမှန်တကယ် အစေခံနေကြသော (ဘယ်လိုယုံကြည်ချက်၊ ယူဆချက်များ ပြောနေစေကာမူ) သူတို့ကြားမှ အမြင်မျိုး မရှိကြသောသူများ ဖြစ်လာရန် အလိုဆန္ဒ ရှိကြရမည် ဖြစ်ပါသည်။

## November- 5 (နိုဝင်ဘာလ ၅)

### “ဘုရားသခင်၏ အိမ်တော်ကိုအုပ်စိုးသော ယဇ်ပုရောဟိတ်မင်း ရှိသဖြင့်၎င်း၊ငါတို့သည် သစ္စာနှင့်ပြည့်စုံသော သဘောရှိ၍၊ ဝိစိကိစ္ဆနှင့်ကင်းသော ယုံကြည်ခြင်း၌တည်လျက်၊ စိတ်နှလုံးကို သံဝေဂတရားနှင့် လွတ်အောင်ဖြန်းခြင်း၊ ကိုယ်ကာယကိုလည်း ကြည်သာရေဖြင့် ဆေးကြောခြင်းရှိပြီးမှ အထံတော်သို့ တိုးဝင်ချဉ်းကပ်ကြကုန်အံ့” (ဟေဗြဲ ၁၀း၂၁-၂၂))

ကောင်းသောအမှုကို အစပြုခဲ့တော်မူသောသူသည် ဘယ်တော့မှ မပြောင်းမလဲရှိသည်ကို သတိရမှတ်မိကြပါစို့။ ကျွန်ုပ်တို့၏ နှလုံးသားများသည် ယခုထိတိုင်သူနှင့်အတူ ညီညွတ်ခြင်း၌ ရှိခဲ့မည်ဆိုလျှင်၊ ကျွန်ုပ်တို့၏ ယုံကြည်ခြင်းသည် ယခုထိတိုင် ကြီးစွာသော ရွေးနုတ်ခြင်း၌ ရှင်းလင်းစွာဖြင့် ခိုင်မာစွာ တည်ရှိခဲ့မည်ဆိုလျှင် ကျွန်ုပ်တို့၏ဆက်ကပ်အပ်နှံခြင်းသည် ယခုထိတိုင် ပြည့်ဝစွာ စုံလင်မှု ရှိခဲ့မည်ဆိုလျှင် ကျွန်ုပ်တို့အလိုကို မရှာဘဲ ကျွန်ုပ်တို့၏ အငန်းအတာများ၌ သူ၏အလိုတော်အတိုင်း ဖြစ်စေမည် ဖြစ်ပါသည်။ထို့နောက် ကျွန်ုပ်တို့တွင် လုံးဝဥဿုံစိတ်ချသော ယုံကြည်ခြင်းကို အမှန်တကယ် ရှိနိုင်မည်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော်

ဘုရားသခင်သည် မပြောင်းမလဲကြောင်းကို သိရှိခြင်းနှင့် ကျွန်ုပ်တို့သည် သူ၏ဂတိတော်များ၊ အစီအမံများ၌ ယခုထိတိုင် ရှိနေကြသည်ကို သိရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။ သူ၏ အဖိုးမဖြတ်နိုင်သော မစခြင်းများအားလုံးတို့မှာ ကျွန်ုပ်တို့ အကျိုးအလို့ငှာလုပ်ဆောင်လျက် ရှိပါသည်ဟု ကျွန်ုပ်တို့ သိရှိကြပါသည်။ ဤအရာသည် ဘုရားသခင်၌ လုံးဝဉဿုံ စိတ်ချမှုရှိသော ယုံကြည် စိတ်ချမှု ဖြစ်ပါသည်။

## November- 6 (နိုဝင်ဘာလ ၆)

**"ညီအစ်ကိုတို့ အသက်ရှင်ခြင်းလက္ခဏာ၊သန့်ရှင်းခြင်းလက္ခဏာ၊ဘုရားသခင်နှစ်သက်တော်မူဘွယ်သော လက္ခဏာနှင့်ပြည့်စုံသော ယဇ်ကို သင်တို့သည် ပူဇော်၍ မိမိကိုယ်ခန္ဓာကို ဘုရားသခင်အားဆက်ကပ်ခြင်းတည်းဟူသော သင်တို့ပြုအပ်သောဝတ်ကို ပြုမည်အကြောင်း၊ ဘုရားသခင်၏ ကရုဏာတော်ကို ထောက်ထား၍ သင်တို့ကို ငါတိုက်တွန်းနှိုးဆော်ပေ၏။" (ရော ၁၂း၁)**

ဘုရားသခင်၏ အမှုတော်မြတ်အတွက် ကျွန်ုပ်တို့တွင်ရှိသော အရာအားလုံးကို ပေးရန်သည် ကျိုးကြောင်းဆီလျော်သော အရာတစ်ခုဖြစ်ရုံမျှသာ မဟုတ်ဘဲ အလွန်သေးငယ်သော အရာတစ်ခုကိုပေးခြင်း ဖြစ်ပါသည်။ကျွန်ုပ်တို့အား ကြီးစွာသော မေတ္တာကရုဏာကျေးဇူးတော်ကို ထင်ရှားပြသခဲ့တော်မူသောသူထံ ကျွန်ုပ်တို့ ပေးအပ်သင့်သောအရာထက် အလွန်နည်းပါသည်။ ကျွန်ုပ်တို့၏ ဆက်ကပ်အပ်နှံခြင်း၌ ချိတ်ဆက်ထားသော ဆုများမရှိခဲ့ရင်တောင်၊ ဤကဲ့သို့ ကျွန်ုပ်တို့ခံစားသင့်ပါသည်။ သို့သော်ဘုရားသခင်သည် ဤကဲ့သို့ ကြီးစွာသောဆုများ၊ ကောင်းကြီးမင်္ဂလာများနှင့် ချိတ်ဆက်ထားခဲ့ပါသည်။လက်ခံရန် ငြင်းပယ်ခြင်းသည် ဘုရားသခင်၏ ကရုဏာတော်ကို အသိအမှတ်ပြုခြင်းမရှိခြင်း ဖြစ်သည်ဟုရည်ညွှန်းယုံသာမက ဘုရားသခင်နှင့် ညီညွတ်မှုရှိခြင်း၌ထာဝရကာလ ဝမ်းမြောက်ခြင်း၊ကောင်းကြီးမင်္ဂလာဘုန်းအသရေနှင့်အတူ အလွန်တိုတောင်းသောနှစ် အနည်းငယ်အတွက် ကိုယ်အလိုဆန္ဒ၏ အရေးမပါသော ခေတ္တခဏ ကျေနပ်စရာများကို ချင့်ချိန်ရန် မတတ်နိုင်သော စိတ်ပိုင်းဆိုင်ရာ ဆုံးဖြတ်ချက် အားနည်းသောသူများကိုလည်း ရည်ညွှန်းသည်ဟု ကျွန်ုပ်တို့ ခံစားသင့်ပါသည်။

## November- 7 (နိုဝင်ဘာလ ၇)

**"ပလ္လင်များကိုလည်းငါမြင်၏။ ပလ္လင်ပေါ်မှာ ထိုင်သောသူတို့သည် တရားစီရင်ရသောအခွင့်ကို ရကြ၏". . . ယေရှု၏သက်သေခံတော်မူချက်နှင့် ဘုရားသခင်၏ နှုတ်ကပတ်တော်ကြောင့်၊ လည်ပင်းဖြတ်ခြင်းကို ခံရသောသူတို့၏ ဝိညာဉ်များကို ငါမြင်၏" (ဗျာ ၂၀း၄)**

ဤလည်ပင်းဖြတ်ခြင်းသည် စကားလုံးအတိုင်း အတိအကျမဟုတ်ဘဲ တင်စား၍ပြောဆိုထားသော်လည်း၊ ၎င်း၌ နက်နဲသောအဓိပ္ပာယ်တစ်ခုရှိပါသည်။၎င်းသည် ကိုယ်အလိုဆန္ဒကို သေခြင်းသာလျှင် မဟုတ်ဘဲ အခြားဦးခေါင်းများအားလုံးတို့မှလည်း ဖြတ်ရမည်ကိုလည်း ဆိုလိုပါသည်။ အုပ်ချုပ်မှုများ၊ ပညတ်တရားပေးသောသူများမှ ဖြတ်ရပါမည်။ သူ၏ကိုယ်ဖြစ်သော အသင်းတော်၏ဦးခေါင်းအဖြစ် ဘုရားသခင် ခွဲခန့်မှတ်သားထားသော သခင်ယေရှုမှတပါး အခြားဦးခေါင်းမရှိကြောင်းကို နားလည်ခြင်းဖြစ်ပါသည်။ ဆိုလိုသည်မှာ ဓလေ့ထုံးစံနှင့်ဆိုင်သော ဦးခေါင်းကို ရပ်စဲရမည်လည်းဖြစ်ပြီး၊ ကျွန်ုပ်တို့၏ သခင်ယေရှုခရစ်၏အလို၊ ဦးဆောင်မှုကို လက်ခံရမည်ဖြစ်ပါသည်။ရောမ ၆း၃ ၌ တမန်တော်အားဖြင့် ကျွန်ုပ်တို့ ဂရုပြုရန်အတွက် ဤတူညီသောအတွေးကို ဆောင်ယူ

ထားပါသည်။ သူ၏ သေခြင်းထဲ၌ ဗတ္တိဇံခံခြင်းအားဖြင့် ခရစ်တော်(သို့) ဦးခေါင်းတစ်ခု၏အောက်၊ ထိုခန္ဓာကိုယ်၏အင်္ဂါများအဖြစ် ကျွန်ုပ်တို့သည် ခရစ်တော်၏ ကိုယ်ထဲ၌ ဗတ္တိဇံခံသောသူများ ဖြစ်ကြသည်ဟု ပြောဆိုထားပါသည်။ ကျွန်ုပ်တို့၏ အလိုဆန္ဒများကို ပြည့်ဝစွာ ဆက်ကပ်အပ်နှံခြင်းနှင့် ကျွန်ုပ်တို့၏ ဘဝအသက်တာများကို လုံးဝဥဿုံချထားလျက် သေထိတိုင်အောင် သစ္စာရှိခြင်း ဖြစ်ပါသည်။

## November- 8 (နိုဝင်ဘာလ ၈)

### "သင်၏ဘုရားသခင် ထာဝရဘုရား၏ နမတော်ကို မုသာနှင့်ဆိုင်၍ မမြွက်ဆိုနှင့်"

### (ထွ ၂၀း၇)

ဤအမိန့်တော်သည် ဝိညာဉ်ပိုင်းဆိုင်ရာ ကလေးလတို့အား ပေးထားခြင်း မဟုတ်သော်လည်း ကျွန်ုပ်တို့အတွက် ၎င်း၏အတွေးသည် မည်ကဲ့သို့ ဖြစ်သည်ကို ကျွန်ုပ်တို့လျင်မြန်စွာ ကြည့်ရှုနိုင်ပါသည်။ ကျွန်ုပ်တို့၏ နာမည်အဖြစ် ခရစ်တော်၏ အမည်ကိုကျွန်ုပ်တို့ ယူခဲ့ကြပါသည်။ ကျွန်ုပ်တို့သည် ခရစ်တော်၏ အင်္ဂါများအဖြစ် ရေတွက်ဝင်ကြသောသူများ ဖြစ်ကြပါသည်။ ဦးခေါင်း၏ သန့်ရှင်းသောအမည်ကိုလည်း ကိုယ်၏အင်္ဂါအားလုံးသည် ပိုင်ဆိုင်ကြပါသည်။ သတို့သား၏ ဂုဏ်ယူဖွယ်ကောင်းသော နာမကို သူ၏ သတို့သမီးလည်း ပိုင်ဆိုင်ပါသည်။ ဤအတွေးသည် ကျွန်ုပ်တို့အား မည်မျှလောက်ဂရုပြုမှုသင့်သည်ကို ပေးထားသည် မဟုတ်ပါလော။ သခင်၏ နာမအား အချည်းနှီးမယူဆောင်ဘူးဟူ၍ ကျွန်ုပ်ကြည့်ရှုရမည်ဟူ၍ ကျွန်ုပ်တို့ကိုယ် ကျွန်ုပ်တို့ သင့်လျော်စွာ ပြောဆိုသင့်သည် မဟုတ်ပါလော။ ဤလောက၌ သူ၏ ကိုယ်စားလှယ်၊ သံတမန်အဖြစ် ကျွန်ုပ်၏ အရိုက်အရာနှင့်စပ်ဆိုင်သော တာဝန်နှင့် ဂုဏ်သိက္ခာ မညှိုးနွမ်းစေဘဲ သယ်ဆောင်ရန် ဖြစ်နိုင်သမျှအတိုင်း ရှာဖွေလျက် အထူးဂရုစိုက်စွာ လျှောက်လှမ်းမည်။ သို့သော် တနည်းအားဖြင့် ပြောမည်ဆိုလျှင် အတွေးတိုင်း၊ အပြောအဆို စကားလုံးတိုင်းနှင့် ပြုမူလုပ်ဆောင်မှုတိုင်း၌ သခင်၏နာမ ဂုဏ်ယူချီးမွမ်းစေရန် ဖြစ်ပါသည်။

## November- 9 (နိုဝင်ဘာလ ၉)

### "ဇာတိပကတိနှင့် ဝိညာဉ်ပကတိသည် တစ်ပါးနှင့်တစ်ပါး ဆန့်ကျင်သော အလိုရှိကြ၏။ တစ်ပါးနှင့်တစ်ပါး ဆန့်ကျင်ဘက်ဖြစ်၍ သင်တို့သည် ကျင့်ချင်သောအကျင့်ကို မကျင့်နိုင်ကြ"

### (ဂ ၅း၁၇)

ဤအရာသည် ကြီးစွာသော အဆက်မပြတ် ထပ်တလဲလဲဖြစ်သော တိုက်ပွဲဖြစ်ပါသည်။ အသစ်သော အလိုဆန္ဒသည် ကိုယ်ခန္ဓာအား ၎င်း၏ အသစ်သော စိတ်သဘော၏ ထိန်းချုပ်မှုအောက်သို့ရောက်ရန် အတင်းအကြပ်လုပ်ဆောင်သော်လည်း၊ အမှန်တကယ် သေလျက်ရှိမနေသော သေတတ်သော ကိုယ်ခန္ဓာသည် လောကနှင့်၎င်း၊ ရန်သူစာတန်နှင့်၎င်း ထပ်တလဲလဲ ဆက်သွယ်ခြင်း၌ ရောက်ရှိနေလျက် ဤအရာများအားဖြင့်ထပ်တလဲလဲ တိုက်တွန်းအားပေးခြင်းကို ခံရကာ မြေကြီးဆိုင်ရာ စိုးရိမ်ပူပန်ခြင်းများ၊ ရည်ရွယ်ချက်များ၊ နည်းလမ်းများ၊ ကြိုးစားအားထုတ်ခြင်းများ၊ ယူဆချက်များနှင့် ကျွန်ုပ်တို့၏စိတ်သဘောသစ်ကို မနာခံခြင်းတို့နှင့်အတူ ပြန်လည်တက်ကြွလာပါသည်။ ဤကဲ့သို့သော အတွင်းနှင့်အပြင် တိုက်ခိုက်ခြင်း အတွေ့အကြုံများ မရှိသော သန့်ရှင်းသူမရှိပါ။ ပြီးဆုံးသည်အထိ ဆိုင်ပြိုင်တိုက်လှန်ရမည်ဖြစ်ပါသည်။ ဒါမှမဟုတ် ကျွန်ုပ်တို့ တိုက်ပွဲအတွက် ကြီးစွာသောဆုကို ရရှိလိမ့်မည် မဟုတ်ပါ။ အသစ်သောသတ္တဝါသည် သေတတ်သောခန္ဓာကိုယ်အပေါ် သခင်ဘုရား၏ အခါခါကျေးဇူးပြုခြင်းနှင့် ခွန်အား အားဖြင့် အသစ်သတ္တဝါသည် သေတတ်သော ခန္ဓာကိုယ်ပေါ်တွင် သခင်ဖြစ်သော်လည်း သေထိတိုင်အောင် ဆိုင်ပြိုင်တိုက်လှန်ခြင်းသည် ရပ်စဲနိုင်မည်မဟုတ်ပါ။

## November- 10 (နိုဝင်ဘာလ ၁၀)

**"မေတ္တာသည် . . . . မတရားသောအမှု၌ ဝမ်းမြောက်ခြင်းမရှိတတ်။ သမ္မာတရား၌ ဝမ်းမြောက်တတ်၏။" (၁ ကော ၁၃း၆)**

ကျွန်ုပ်တို့၏နှလုံးသားထဲ၌ အမှန်နှင့်အမှားနှင့်စပ်ဆိုင်သော သဘောတရားများကို ခိုင်မာစွာ တွဲထားပါသလား၊ ကျွန်ုပ်သည် အမှန်နှင့်အတူ တစ်ထပ်တည်းကျလျက် ကျွန်ုပ်တို့ အားပေးလိမ့်မည် မဟုတ်သော အမှားကို သေချာစွာ ဆန့်ကျင်ပါသလား! ကျွန်ုပ်တို့အတွက် အကျိုးဖြစ်စေခြင်းကို ယူဆောင်လာသည့် အမှားဖြစ်လျှင်ပင် ကျွန်ုပ်တို့ စီရင်ရမည် ဖြစ်ပါသည်။ ကျွန်ုပ်သည် ကျွန်ုပ်၏မြေကြီးဆိုင်ရာ စိတ်ဝင်စားမှုအချို့တို့တွင် ကျေးဇူးမပြုနိုင်ခြင်းကို ဖြစ်စေသည် (သို့) ကျွန်ုပ်၏ ကြိုတင်နားလည်ထားသော ထင်မြင်ချက်အချို့တို့ကို မှားယွင်းသွားစေသည့် ကျွန်ုပ်တို့ မတားဆီးနိုင်သော သမ္မာတရား၌ ဝမ်းမြောက်ခြင်း၊ သမ္မာတရားနှင့်အတူ တစ်ထပ်တည်းရှိပါသလား! ဘုရားသခင်၏ လူများ၏ စိတ်သဘောအဖြစ် ဤနေရာတွင် တမန်တော်ရေးသားထားသော ဘုရားသခင်၏ မေတ္တာသည် တစ်ကိုယ်ကောင်းဆန်ခြင်းထက်သာလွန်၍ မြင့်မားသော မေတ္တာဖြစ်ပြီး တစ်ရက်ပြီးတစ်ရက် ပို၍ပို၍ ကွဲပြားရှင်းလင်းစွာ မည်ကဲ့သို့သော အဖိုးအခ၌မဆို အမြဲတမ်း ခိုင်မာစွာ သစ္စာရှိသင့်သော တိကျသည့် သဘောတရားများအပေါ်တွင် အခြေခံပါသည်။

## November- 11 (နိုဝင်ဘာလ ၁၁)

**"သင်တို့သည် ယုံကြည်ခြင်း၌ သီလ(စာရိတ္တ၊ သိက္ခာ၊ အဆင့်မြင့်မားကြောင်း ပြသသည့် အပြုအမူ) ကို. . . အလွန်ကြိုးစားအားထုတ်၍ ထပ်ဆင့်ကြလော့" (၂ ပေ ၁း၅)**

ဘုရားသခင်၏ လူတို့၌ကြီးစွာသော အခက်အခဲတစ်ခုမှာ မှန်ကန်သောလမ်းကြောင်းအတွက် ခိုင်မာစွာ ဆုံးဖြတ်ချက်ချပြီး စုံစမ်းနှောက်ယှက်ခြင်းကို ရပ်တန့်ရန် ခုခံသောအခါ သူတို့သည် သေချာသော လုပ်ဆောင်မှုကို လုံလောက်စွာ မပြုလုပ်ကြပါ။ "ဒီအချိန်တွင် အနိုင်ယူရန် အပြီးအသတ် ဆုံးဖြတ်ချက်မချသေးဘူး" ဟူ၍ များစွာသော သူတို့သည် စုံစမ်းသောသူအား ပြောတတ်ကြပါသည်။ ဤကဲ့သို့ သူတို့သည် သူတို့၏ စိတ်နှလုံးများ၌ အခွင့်အလန်းကို ဖွင့်ပေးရန် ခွင့်ပြုကြခြင်းအားဖြင့် စုံစမ်းသောသူသည် ပြန်လာနိုင်ပါသည်။ ကျွန်ုပ်တို့ ဘုရားသခင်၏ လမ်းကြောင်းသည် သင့်လျော်သောအရာတစ်ခု ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် စုံစမ်းသောသူအား တစ်ခါတည်းနှင့် ထာဝရအဝေးသို့ ပို့သင့်ပါသည်။ ထိုလမ်းကြောင်း တလျှောက် ကျွန်ုပ်တို့ထံသို့ ပြန်လာခြင်းသည် စိတ်ဝင်စားဖွယ်ရှိသောအရာဟု စုံစမ်းသော သူသည် (စာတန်) စိတ်ကူးမရှိခဲ့ရင်ပင်လျှင် ကျွန်ုပ်တို့၏ ရပ်တည်မှုကို ခိုင်မာစွာ ရယူထားသင့်ပါသည်။ **"အချင်းစာတန် ငါ့နောက်သို့ ဆုတ်လော့ ငါ၏ ဘုရားသခင် ထာဝရဘုရားကိုသာ ကိုးကွယ်မည်။ ဝတ်ပြုမည်။"**

## November- 12 (နိုဝင်ဘာလ ၁၂)

**"ယုံမှားခြင်းမရှိနှင့်။ ယုံလော့ဟု မိန့်တော်မူ၏။" (ယော ၂၀း၂၇)**

သူ၏မေတ္တာ၊ သူ၏ဉာဏ်ပညာ၊ သူ၏တန်ခိုးတော်၊ သူ၏ကောင်းမြတ်ခြင်းနှင့် သူ၏အပေါ်၌ခိုလှုံကိုးစားနားထောင်သော ယုံကြည်ခြင်းအားဖြင့် ကျင်လည်ခြင်းမှတပါး သခင်ဘုရား၏ အနီးသို့လာရန် ကျွန်ုပ်တို့အတွက် မဖြစ်နိုင်ပါ။ ယုံကြည်ခြင်းသည် ချဉ်းကပ်ခြင်း၊တိုးတက်ကြီးထွားလာခြင်းနှင့်ဆိုင်သော အရာတစ်ခု ဖြစ်ပါသည်။ ယုံကြည်ခြင်း၌ ပိုမိုခိုင်မာသထက် ခိုင်မာလာသည့်တိုင်အောင် ဂါလိလဲပင်လယ်အပေါ် တိုက်ခိုက်သော မုန်တိုင်းသည် တဖြည်းဖြည်းနှင့် ကြီးထွားလာသောအခါ အလွန်ကြောက်ရွံ့နေသော အချိန်၌ ဟစ်အော်ခဲ့သော တမန်တော်များနှင့် တူပါသည်။ မှတ်တမ်းထဲ၌ ဖော်ပြထားသည့်အတိုင်း ၊သူတို့သည် သူတို့၏

သခင်အား မည်သည့်နေရာမျှ ရှာဖွေမတွေ့နိုင်သော နေရာ၊ သူတို့၏သခင် မရှိသောအချိန်၌ သခင်ကိုအားကိုး ခိုလှုံခဲ့ပါသည်။ ထိုနည်းတူစွာ သခင်ဘုရား၌ ခိုလှုံကိုးစားခြင်းကို ကြီးထွားတိုးတက်ရန် ကျွန်ုပ်တို့၏ နေ့စဉ် သင်ခန်းစာအတွက် အစိတ်အပိုင်းတစ်ခု ဖြစ်သင့်ပါသည်။ ကျွန်ုပ်တို့၏ ဘဝအသက်တာ၌ အတိတ်မှအတွေ့ အကြုံများနှင့် ဘုရားသခင်၏ နှုတ်ကပတ်တော်ထဲမှ ဤသင်ခန်းစာများအားလုံးတို့ကို စဉ်းစားပါ ။ဤသို့အား ဖြင့် သူ့အပေါ်၌ ကျွန်ုပ်တို့၏ ယုံကြည်ခြင်းသည် အခြေအမြစ် တွယ်လာနိုင်မည် ဖြစ်ပါသည်။

## November- 13 (နိုဝင်ဘာလ ၁၃)

**"သင်တို့အလိုရှိသမျှကို သင်တို့မတောင်းမှီ သင်တို့အဘ သိတော်မူ၏။" (မ ၆း၈)**

ထို့ကြောင့် ကျွန်ုပ်တို့၏ အသနားခံခြင်း၊ ကျွန်ုပ်တို့၏ တောင်းလျှောက်ခြင်း၊ ကျွန်ုပ်တို့၏ အော်ဟစ်ခြင်း သည် နှလုံးသားသန့်ရှင်းခြင်းအတွက်ငှာ၊ သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်ဝစေခြင်းအတွက်ငှာ၊ ဝိညာဉ် ပိုင်းဆိုင်ရာ အစားအစာအတွက်ငှာ၊ အသစ်ပြုပြင်ခြင်းအတွက်ငှာ၊ကြီးထွားရင့်ကျက်စေရန်အတွက်သော် ငှာ၊ ဖြစ်သင့်ပါသည်။ အသစ်သောသတ္တဝါများအဖြစ် ကျွန်ုပ်တို့၏ အကောင်းဆုံးစိတ်ဝင်စားမှုများအတွက် မည်သည့်အရာ ဖြစ်ရမည်နှင့် လိုအပ်သော အရာများအတွက် ကျွန်ုပ်တို့ လုပ်ဆောင်ရမည့် နည်းလမ်းကို သူသိပါသည်။ ဤအရာကို သူ့ထံ၌ကျွန်ုပ်တို့သည် အပ်နှံရန် ဖြစ်ပါသည်။ ကျွန်ုပ်တို့အား သူမပေးခဲ့သော အရာများအတွက် သူ့ထံထပ်ခါတလဲလဲ တောင်းဆိုနေသော ကျွန်ုပ်တို့အား မြင်တွေ့ရန် ဘုရားသခင်သည် ကျေနပ်အားရလိမ့်မည် မဟုတ်ပါ။ အကြောင်းမူကား ထိုသို့ပြုလုပ်ခြင်းသည် သူ၌ ယုံကြည်ခြင်းနှင့် သက်ဆိုင်သော နမူနာပုံသက်သေတစ်ခု ဖြစ်လိမ့်မည် မဟုတ်သောကြောင့် ဖြစ်ပါသည်။ သို့သော်အပြန်အလှန် အားဖြင့်ဆိုသော် သံသယနှင့်စပ်ဆိုင်သော ပုံသက်သေတစ်ခုဖြစ်ပါသည်။ လိုအပ်သောအရာများအတွက် ကျွန်ုပ်တို့အား ပေးထားသော သူ၏ဂတိတော်များကို လျစ်လျူရှု (သို့) မေ့လျော့နေသောသူဖြစ်သော ကြောက်ရွံ့ခြင်းနှင့် စပ်ဆိုင်သော ထင်ရှားပြသခြင်းတစ်ခု ဖြစ်ပါသည်။

## November- 14 (နိုဝင်ဘာလ ၁၄)

**"ထို့ကြောင့် သင်တို့သည် ကိုယ်ကိုသတိနှင့်ကြည့်ရှုကြလော့။ ဘုရားသခင်သည် မိမိအသွေးနှင့် ဝယ်တော်မူသော အသင်းတော်ကို လုပ်ကျွေးစေခြင်းငှါ။" သန့်ရှင်းသောဝိညာဉ်တော်သည် သင်တို့ကို အအုပ်အချုပ်ခန့်ထားတော်မူသော သိုးစုတစ်ခုလုံးကိုလည်း သတိနဲ့ကြည့်ရှုကြလော့။ အကြောင်းမူကား ငါမရှိသည့်နောက် ကြမ်းတန်းသော တောခွေးတို့သည် သိုးများကို မသနားဘဲ သင်တို့အထဲသို့ ဝင်မည်ကိုငှာ၊ တပည့်တော်များကို သွေးဆောင်ခြင်းငှါ၊ မှားသောစကားကို ပြောတတ်သောလူတို့သည် သင်တို့အထဲ၌လည်း ပေါ်လာမည်ကိုငှာ ငါသိ၏။ (တ ၂၀း၂၈ -၃၀)**

၎င်းသည် ဘုရားသခင်၏ အသင်းတော်အား လေ့ကျင့်သင်ကြားပေးခြင်း၊ စစ်ဆေးခြင်းနှင့်နောက်ဆုံး သက်သေပြရန်အတွက် မဖြစ်မနေ လိုအပ်ပါသည်။ ဤလိုလားဖွယ်မကောင်းသော လွှမ်းမိုးမှုအောက်တွင် သူတို့ရှိသင့်ပါသည်။ အဘယ်ကြောင့်ဆိုသော် သူတို့အား အောင်မြင်သောသူအား ပေးထားတော်မူသော ကြီးစွာသောဆုနှင့် စပ်ဆိုင်သည့် ဂတိတော်ကြောင့် ဖြစ်ပါသည်။ အကယ်၍ ကျွန်ုပ်တို့သည် ခရစ်တော်နှင့် အတူအုပ်စိုးမည်ဆိုလျှင် ဘုရားသခင်အား သစ္စာရှိခြင်းနှင့်ဆိုင်သော အလားတူ စစ်ဆေးခြင်းအားဖြင့် အုပ်စိုးရန်ကျွန်ုပ်တို့၏ ထိုက်တန်ခြင်းကို သက်သေပြရမည် ဖြစ်ပါသည်။ သူ၏နှုတ်ကပတ်တော်၌ ယုံကြည်

ခြင်းနှင့်စပ်ဆိုင်၍သော်ဇင်း၊ အပြစ်တင်ဝေဖန်ခြင်းနှင့် ညှင်းပန်းနှိပ်စက်မှုများအတွက် ကြံ့ကြံ့ခံ၍သီးခံခြင်းနှင့်ဆိုင်၍သော်ဇင်း နောက်ဆုံးသေထိတိုင်အောင်ပင်လျှင်ဇင်း အချိန်တန်သောအခါ သူ၏ အသင်းတော်အားလွှတ်မြောက်စေရန်နှင့် ချီးမြှောက်ရန်အတွက် ဘုရားသခင်၏ ရည်ရွယ်ချက်နှင့် တန်ခိုးတော်၌ မပြောင်းလဲသောခိုလှုံ ကိုးစားနှင့် စပ်ဆိုင်၍သော်ဇင်း သက်သေပြရမည် ဖြစ်ပါသည်။ ဤကဲ့သို့ သစ္စာရှိသော သူတို့မှာဆာလံ ၉၁ မှ မင်္ဂလာရှိသော သူများဖြစ်ကြပါသည်။

## November- 15 (နိုဝင်ဘာလ ၁၅)

### "ထိုသခင်၌ ငါတည်၏ဟု ဆိုသောသူသည် ထိုသခင် ကျင့်တော်မူသည့်နည်းတူ ကျင့်ရမည်" (၁ ယော ၂း၆)

ကောင်းသောအရာအားလုံးနှင့် မိဿဟာရပြုလျှက် အလားတူ မကောင်းသောအရာအားလုံးကိုရှောင်ရှားသည့် ကျင့်ကြံပြုမူခြင်းတို့၌ ကျွန်ုပ်တို့၏ သခင် လျှောက်ခဲ့သည့်အတိုင်း သူသည် လျှောက်သောသူဖြစ်ပါသည်။ သခင်ယေရှု၏ ခြေတော်ရာ၌ ဖြစ်နိုင်သမျှအတိုင်း နီးကပ်စွာ သူသည် လျှောက်လှမ်းသောသူဖြစ်ပါသည်။ ဘယ်လိုပဲဖြစ်ဖြစ် သူသည် သူ၏ မစုံလင်သော ကိုယ်ခန္ဓာ၌ ဇာတိအသွေး၌ စုံလင်ခဲ့သောသူ၏ သခင်၏ စုံလင်ခြင်းအားလုံးသို့ သူသည် လျှောက်သင့်သည် (သို့) လျှောက်နိုင်သည်ဟူ၍ ဤအရာမှဆိုလိုနေခြင်း မဟုတ်ပါ။ သခင်လျှောက်ခဲ့သည့်အတိုင်း ကျွန်ုပ်တို့ လျှောက်သင့်သည်ဟု ပြောဆိုသော အရာ၏အဓိပ္ပာယ်မှာ တူညီသောလမ်းနှင့် တူညီသောဦးတည်ချက် သခင်သိမှတ်နားလည်ခဲ့သော တည်ဆောက်ခဲ့သောတူညီသောအမှတ်လက္ခဏာနှင့် စံနှုန်းသို့ လျှောက်ခြင်းကို ဆိုလိုပါသည်။

## November- 16 (နိုဝင်ဘာလ ၁၆)

### "ဤမိန်းမသည် တတ်နိုင်သမျှပြုပြီ " (မာ ၁၄း၈)

ကျွန်ုပ်တို့၏ ချစ်လှစွာသော ရွေးနှုတ်ရှင်နှင့်အတူ ပုဂ္ဂိုလ်ချင်းကိုယ်တိုင် ထိတွေ့ခြင်းထဲသို့လာရန်ကျွန်ုပ်တို့အခွင့်အလန်း မရှိပါ။ သို့သော် ငြိမ်သက်ခြင်း၊ ဝမ်းမြောက်ခြင်းနှင့် ခံစားချက်ကို နားလည်ပေးခြင်း၊ ချိုမြိန်သော ချစ်ခြင်းမေတ္တာ၏ ဆီမွှေးနှင့်အတူ သခင်ဘုရား၏ ညီအစ်ကိုများကို လိမ်းပေးရန် ကျွန်ုပ်တို့၏အခွင့်အလန်း ဖြစ်ပါသည်။ ကျွန်ုပ်တို့ကိုယ်ကို ငြင်းပယ်ခြင်းများကဲ့သို့ ဤအရာသည် ပို၍ အဖိုးအခကြီးစွာပေးရလေလေ၊ သူ၏ ညီအစ်ကိုများအား ကျွန်ုပ်တို့ပြုစုခြင်း၊ မပြုစုခြင်းသည် သူ့အား ကျွန်ုပ်တို့ ပြုစုခြင်း ၊ မပြုစုခြင်းကဲ့သို့ ပြောဆိုခဲ့သော ကျွန်ုပ်တို့၏ ညီအစ်ကိုကြီး၏ တွက်ချက်ခြင်း၌ ပို၍ တန်ဖိုးရှိလေလေဖြစ်လိမ့်မည် ဖြစ်ပါသည်။ နူးညံ့သော ကျွန်ုပ်တို့၏ သေတ္တာများမှာ လူအပေါင်းတို့အား ကြင်နာခြင်း၊ ချစ်ခြင်း၊ ကောင်းသော အလိုဆန္ဒများနှင့် ဆိုင်သော အကြွယ်ဝဆုံး ၊ အချိုမြိန်ဆုံး ဆီမွှေးများနှင့် ပြည့်လျှံသင့်သောကျွန်ုပ်တို့၏ နှလုံးသားများ ဖြစ်ကြပါသည်။ သို့သော် အထူးသဖြင့် ခရစ်တော်၏ ဦးခေါင်းဖြစ်သူ သခင်ယေရှုခရစ်နှင့် သူ၏ကိုယ်ခန္ဓာ၊ အသင်းတော်၏ အင်္ဂါအားလုံးတို့အတွက် ဖြစ်ပါသည်။ အထူးသဖြင့် ကျွန်ုပ်တို့အပိုင်းတွင် ယခု ကျွန်ုပ်တို့နှင့်အတူ ရှိနေသော ခြေအင်္ဂါအပိုင်းများအတွက် ဖြစ်ပါသည်။ သူတို့အပေါ်သို့သခင်ဘုရား၏ နာမ၌ ချိုမြိန်သော ချစ်ခြင်းမေတ္တာ၊ ကရုဏာနှင့် ထောက်ပံ့မှု ဆီမွှေးနံ့သာများကို သွန်းလောင်းခြင်းနှင့်ဆိုင်သော အခွင့်အလန်းသည် ယခုအကျွန်ုပ်တို့၌ ရှိပါသည်။

## November- 17 (နိုဝင်ဘာလ ၁၇)

### "သွားလေရာရာ၌ သင့်ကိုစောင့်ရှောက်စေခြင်းငှါ ကောင်းကင်တမန်တို့အား သင့်အဖို့မှာထားတော်မူသည်ဖြစ်၍" (ဆာ ၉၁း၁၁)

သူတို့သည် ကိုယ်တိုင်စစ်ကြောခြင်းကို ခံရသောသကဲ့သို့ သင်တို့၏ စိတ်ဝိညာဉ်နှင့်အကျိုး အလို့ငှါစောင့်ကြည့်လိမ့်မည်ဖြစ်သော သစ္စာရှိသည့် သင်းအုပ်များနှင့် ဆရာအချို့ကို ဘုရားသခင်သည် ပေါ်ထွန်း

စေမည် ဖြစ်ပါသည်။ သင်တို့၏ စိတ်ဝိညာဉ်များကို ဖျက်စီးရန် စဉ်းလဲသော ပရိယာယ်များဖြင့် ရှာဖွေလျက် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ပြောင်းလဲနေသည့် မှားယွင်းသော ဆရာများ ပေါ်ထွက်မည်မှာ အမှန်ဖြစ်ပါသည်။ သို့သော် နားလည်လွယ်သော နှလုံးသား၌ ရှိမည်ဆိုလျှင် ဘုရားသခင်၏ သားသမီးတို့သည် သူတို့၏ ယုံကြည်ခြင်းနှင့်စပ်ဆိုင်သော လိုအပ်မှုတိုင်းအတွက်သော်၎င်း၊ နှုတ်ကပတ်တော်အားဖြင့် အရာအားလုံးကို သတိရှိစွာဖြင့် သက်သေပြနိုင်ရန်အတွက်သော်၎င်း၊ မှားယွင်းသောအရာမှ သမ္မာတရားကို လျှင်မြန်စွာသူတို့သည် ပိုင်းခြားနားလည်လာနိုင်ရန်အတွက် ဘုရားသခင်ထံပြောရန် လိုအပ်ပါသည်။ ထိုကဲ့သို့ လုပ်ဆောင်ပြီးနောက် တမန်တော် ရှင်ပေါလုသည် စိတ်ချယုံကြည်မှုရှိရန် ကျွန်ုပ်တို့အား အကြံပြုထားပါသည် (ဟေဗြဲ ၁၃း၁၇) ကျွန်ုပ်တို့၏ သိုးထိန်း၊ ဘုရားသခင်သည် စစ်မှန်သောသိုးတို့ကို ဂရုစိုက်လိမ့်မည်ဖြစ်ပါသည်။

## November- 18 (နိုဝင်ဘာလ ၁၈)

### "ထာဝရဘုရားကို ကြောက်ရွံ့သောသူတို့ ပတ်လည်၌ ကောင်းကင်တမန်တော်တို့သည် တပ်ချ၍ ကယ်လွှတ်တတ်ကြ၏" (ဆာ ၃၄း၇)

ဆန့်ကျင်မှုများ၌ မြေကြီးဆိုင်ရာ တန်ခိုးများရှိနေစဉ်၊ ရန်သူများကို ခုခံရန် အမှန်တကယ် မိမိကိုယ်တိုင်၌ တန်ခိုးကင်းမဲ့လျက် ရှိနေစဉ် အသွေးအသားရန်သူများအပြင် သူ၏တိုက်ပွဲသည် အာကာသ၌ ရှိသော ဝိညာဉ်ပိုင်းဆိုင်ရာ တန်ခိုးများနှင့်လည်း ဖြစ်သည်ဟု သူသည် နားလည်သောအခါ (စာတန်နှင့်သူ၏ မှောင်မိုက်တန်းခိုးများကို ဆန့်ကျင်ခြင်း) အထက်ပါ နှုတ်ကပတ်တော်သည် ခရစ်ယာန်တို့၏ ယုံကြည်စိတ်ချမှုကို မည်မျှလောက်တိုးချဲ့စေသည် မဟုတ်ပါလော။ တနည်းအားဖြင့် ပြောမည်ဆိုလျှင် ကျွန်ုပ်တို့ ဘက်၌ရှိသော သူသည် ကျွန်ုပ်တို့အား ဆန့်ကျင်သော အရာအားလုံးထက်သာ၍ မြတ်ပါသည်။ ကောင်းကင်ဘုံဆိုင်ရာ အဖွဲ့အစည်း (ကောင်းကင်တမန်တော်တို့) သည် ဘုရားသခင်၏ ဉာဏ်ပညာတော်နှင့်အညီ ဘုရားသခင်နှင့် သက်ဆိုင်သော အမှုအရေးတိုးတက်ခြင်းအတွက် လုပ်ဆောင်ကြလျက် ဘုရားသခင်၏ အလိုတော်အောက်တွင် ရှိကြပါသည်။

## November- 19 (နိုဝင်ဘာလ ၁၉)

### "သို့ဖြစ်၍ အခြားသောသူတို့သည် အိပ်ပျော်သကဲ့သို့၊ငါတို့သည်အိပ်မပျော်ဘဲ သမ္မာသတိရှိ၍စောင့်ကြကုန်အံ့" (၁ သက် ၅း၆)

သူ၏အစေကိုခံရန် လက်ခံနိုင်သောအရာသည် မည်သည့်အရာ ဖြစ်လိမ့်မည်ကို သိမှတ်သောအားဖြင့်၊ ဘုရားသခင်သည် ကျွန်ုပ်တို့အား ပေးခဲ့တော်မူသော လမ်းပြမှုများအားလုံးကို အထူးဂရုစိုက်ခြင်း၌ ကျွန်ုပ်တို့စောင့်ကြည့်ကြပါစို့။ အမြင့်ဆုံးသော ယဇ်ပုရောဟိတ်မင်း၏ ခြေတော်ရာများ၌ ဖြစ်နိုင်သမျှအတိုင်း အနီးစပ်ဆုံးလျှောက်ရန် ကြိုးပမ်းလျက်ရှိသော ကျွန်ုပ်တို့ကိုယ်ကို ကျွန်ုပ်တို့စောင့်ကြည့်ကြပါစို့။ ကျွန်ုပ်တို့ ခမည်းတော် ဘုရားသခင်၏ ဂုဏ်အင်္ဂါနှင့် အကြံအစည်ကို လွဲမှားစွာ နားလည်ခြင်းအားဖြင့် များစွာသော အခြားသူတို့ အပေါ်တွင် ရှိသည့် အလွန်စိုးရိမ်ပူပန်ခြင်းများမှ လွတ်မြောက်လျက် သခင်ဘုရား ဝမ်းမြောက်ပျော်ရွှင်နေစဉ် တဘက်တွင်လည်း ကျွန်ုပ်တို့သည် မတည်ကြည်သောသူများ ဖြစ်လိမ့်မည်မဟုတ်ဟူသော သဘောတရား၌ သမ္မာသတ္တိ ရှိကြပါစို့။ ဘုရားသခင်၏ အမှုတော်နှင့်အတူ စပ်လျဉ်း၍ ယခုလက်ရှိ အခွင့်အရေးများနှင့် အခွင့်အလန်းများကို စိတ်အားထက်သန်သော အသိအမှတ်ပြုခြင်း၌ သမ္မာသတ္တိ ရှိကြပါစို့။ တကိုယ်ကောင်းဆန်စွာ ဂရုမစိုက်ခြင်းမပြုပါနဲ့။ ခွင့်ပြုထားသော အခွင့်အလန်းများနှင့် အခွင့်အရေးများကို ကျွန်ုပ်တို့၏ လက်များအားဖြင့်အသုံးပြုရန် မပျက်ကွက်ကြပါနဲ့။ ထိုအခါ ကျွန်ုပ်တို့သည် ဝမ်းနည်းကြရပါမည်။

## November- 20 (နိုဝင်ဘာလ ၂၀)

**"ညီအစ်ကိုတို့ သင်တို့ခံရသော ခေါ်တော်မူခြင်းနှင့် ရွေးချယ်တော်မူခြင်းကို တည်မြဲစေခြင်းငှါ သာ၍ကြိုးစားအားထုတ်ကြလော့။သို့ပြုလျှင် ရွေးလျော့ခြင်းနှင့်အစဉ် ကင်းလွတ်သည်ဖြစ်၍" (၂ ပေ ၁း၁၀)**

ဖြစ်လာနိုင်သောအားထုတ်မှုသည် ကျွန်ုပ်တို့၏ ပြစ်မှားခြင်းကို ဖုံးကွယ်ရန်နှင့် ကျွန်ုပ်၏နေ့စဉ် အားနည်းချက်များအတွက် ပေးဆပ်ခဲ့သော ခရစ်တော်၏ ဖြောင့်မတ်ခြင်းကို ဂရုမစိုက်ဘဲ ဤအရာများကို စုံလင်စွာ(Fertectly)ကြိုးစားလုပ်ဆောင်ခြင်း၌ မဟုတ်ပါ။ သို့သော်ခရစ်တော်၏ ဖြောင့်မတ်ခြင်းထဲ၌ ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို ပေါင်းထည့်ခဲ့သော် ကျွန်ုပ်တို့၏ စွမ်းရည်ပမာဏသို့ ဤကျေးဇူးတော်အားလုံးကို ကျွန်ုပ်တို့စိုက်ပျိုးခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့ ရွေ့လျော့ခြင်းနှင့် ကင်းလွတ်မည် ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့တတ်နိုင်သမျှအတိုင်း အားလုံးကိုလုပ်ဆောင်ခဲ့ပြီးသောအခါ ကျွန်ုပ်တို့သည် အသုံးတည့်သော၊ အသုံးဝင်သောကျွန်များ မဟုတ်ကြသေးပါ။ ကျွန်ုပ်တို့၏ကိုယ်ပိုင်ဖြောင့်မတ်ခြင်း၌ ကိုးစားရန် ရဲရင့်ခြင်း မဟုတ်ပါ။ ခရစ်တော်၌ ယုံကြည်ခြင်းအားဖြင့် ကျွန်ုပ်၏ ဥစ္စာဖြစ်သော ဖြောင့်မတ်ခြင်းဝတ်လုံ၌ ဖြစ်ပါသည်။ တစ်ဘက်တွင်လည်းအဆက်မပြတ် ကြိုးစားအားထုတ်မှုနှင့်အတူ ခရစ်တော်၏ ဖြောင့်မတ်ခြင်းသည် အပြစ်ကို စွန့်လွှတ်လျက် သန့်ရှင်းခြင်းမရှိလျှင် ဘုရားသခင်ကို အဘယ်သူမျှ မမြင်နိုင်သကဲ့သို့ သန့်ရှင်းခြင်းကို ကြိုးပမ်းရန် ဆန္ဒရှိသောသူတို့နှင့်သာ ခရစ်တော်၏ ဖြောင့်မတ်ခြင်းသည် စပ်ဆိုင်သည်ဟု သိလျက်၊ ကြောက်ရွံ့သော စိတ်နှင့် မိမိကိုယ်ကို ကယ်တင်ခြင်းငှါ ကြိုးစားအားထုတ်ရမည်ဖြစ်ပါသည်။

## November- 21 (နိုဝင်ဘာလ ၂၁)

**"ငါ့ညီအစ်ကိုတို့၊ သင်တို့၏ယုံကြည်ခြင်းကို စစ်ကြောစုံစမ်းခြင်းအရာသည် သည်းခံခြင်းကို ပွားစေတတ်သည်ဟု သိမှတ်လျက်၊အထူးထူးအပြားပြားစုံစမ်းနှောက်ယှက်ခြင်းနှင့် တွေ့ကြုံသောအခါ ဝမ်းမြောက်စရာအကြောင်းသက်သက်ဖြစ်သည်ဟု မှတ်ကြလော့။" (ယာ ၁း၂-၃)**

စစ်ကြောစုံစမ်းခြင်းအားလုံးပြီးဆုံးပြီး ကျွန်ုပ်တို့သည် အောင်မြင်သော သူများအကြား နေရာတစ်နေရာ ကို လက်ခံရရှိခဲ့ကြမည်ကို သံသယကင်းစွာ ကျွန်ုပ်တို့အားလုံးတို့သည် ဖြစ်ချင်ကြပါသည်။ သို့သော် သည်းခံခြင်း၊ ယုံကြည်ခြင်း၊ ခိုလှုံကိုးစားခြင်းတို့သည် ကျွန်ုပ်တို့၏ နှလုံးသားထဲ၌စင်ကြယ်ခြင်းကို လုပ်ဆောင်ပေးသော အရာများဖြစ်ပါသည်။ ကျွန်ုပ်တို့အား ဘုရားသခင်၌ ရင့်ကျက်လာရန်၊ အလိုဆန္ဒရှိရန်နှင့် နာခံခြင်းကို ပြုလုပ်ပေးပါသည်။ ကောင်းသောအလုပ်ကို ဆက်လက်ပြီးရှိပါစေ။ ကျွန်ုပ်တို့၏စုံစမ်းစစ်ကြောခြင်းသည် ကျွန်ုပ် တို့အတွက် အကျိုးဖြစ်စေသော ဘယ်လိုသင်ခန်းများကိုမဆို ကျွန်ုပ်တို့ထံယူဆောင်ခဲ့သော် ကျွန်ုပ်တို့ ဝမ်းမြောက်ကြပါစို့။ ထိုအရာသည် အကျင့်စရိုက်၌ ပိုမိုသန်စွမ်းရန် သမ္မာတရားနှင့်ဖြောင့်မတ်ခြင်းအတွက် ပို၍ ခိုင်ခံ့ရန်၊ ကျွန်ုပ်တို့၏ကိုယ်ပိုင်အားနည်းချက်များကို ပိုမိုသတိထားလာနိုင်ရန်နှင့် အလားတူပိုမို၍ စောင့်ကြပ် ဆန့်ကျင်ရန်အတွက် ကျွန်ုပ်တို့ကို လုပ်ဆောင်ပေးပါသည်။တစ်စိတ်တစ်ပိုင်းသာလျှင် အောင်မြင်ခြင်းများ၌ ဖြစ်ပွားခဲ့သော ထိုဆိုင်ပြိုင်တိုက်လှန်မှုများပင်လျှင် ကျွန်ုပ်တို့အကျိုးကျေးဇူးအတွက် ကြောင်းကျိုးဆီလျော် စွာရှိပါသည်။ လုံးဝဥဿုံ ဆုံးရှုံးခြင်းရှိနိုင်သောအခြေအနေများ၌ပင်လျှင် စရိုက်လက္ခဏာအား သန်စွမ်းစေ ခြင်း၊ လမ်းညွှန်မှုထဲ၌ တဖန်ပိုမို၍ ကြီးစွာသောဖွဲ၊ လုံ့လ စိုက်ထုတ်ခြင်းအတွက် ဆုံးဖြတ်ချက်ချခြင်းနှင့်ဆိုင် သော လက္ခဏာပေါ်လာခြင်းနှင့် ဆုတောင်းခြင်း၌ ဘုရားသခင်ရှေ့တော်တွင် နှိမ့်ချရန်အတွက် ရလဒ်ရှိနိုင် ပါသည်။

## November- 22 (နိုဝင်ဘာလ ၂၂)

**“ကိုယ်တော်၏အိမ်တော်၌ စွဲလန်းပူပန်ခြင်းစိတ်သည် အကျွန်ုပ်ကိုစားပါ၏။”(ဆာ ၆၉း၉)**

အေးသော၊ ကိုယ့်အကျိုးအတွက်သာ ဦးစားပေးလျက် လိမ္မာပါးနပ်စွာ စီစဉ်တွက်ချက်တတ်သော လူတို့တွင် အခြားကောင်းသော အရည်အချင်းများရှိနိုင်ပါသည်။ သို့သော် ဘုရားသခင်သည် ကောင်းမြတ်သည်ဟု တခါ မြည်းစမ်းခြင်းရှိခဲ့ပြီးသော သူတို့၏အပေါ်တွင် အေးခြင်းအတွက် (သို့)နွေးခြင်း အတွက်ပင်လျှင် အခန်းမရှိပါ။ (စိုက်စိုက်မတ်မတ်မဟုတ်သောသူ)။ လှုံ့ဆော်အစပြုခဲ့သော မေတ္တာသည် စွဲလန်းပူပန်ခြင်းစိတ်တစ်ခုသို့ ပို့ဆောင်ပါသည်။ ၎င်းသည် ကျွန်ုပ်တို့၏ သခင်ယေရှုခရစ်နှင့်အတူရှိခဲ့ပါ သည်။ ဤစွဲလန်းပူပန်ခြင်းစိတ်သည် ခမည်းတော်မှ သားတော်ကိုချစ်ရခြင်းအကြောင်းရင်းများထဲမှ တခုဖြစ်ပါ သည်။ သခင်ဘုရား၏ ယဇ်ပလ္လင်ပေါ်မှာ စတေးခဲ့ကြသည့်အတိုင်း သူတို့အားစားမည့် သမ္မာတရားနှင့် ဖြောင့်မတ်ခြင်းအတွက် ဤစွဲလန်းပူပန်သောစိတ်၌ ပြည့်ဝလာလျက် ဘုရားသခင်ရှေ့တော်၌ ကျေနပ်မှုရှိစေ ရန် ဆန္ဒရှိကြသောသူအားလုံး ဖြစ်ကြပါစို့။ ဤသို့အားဖြင့် သူတို့သည် ယေရှုခရစ်အားဖြင့် ဘုရားသခင်အား ပို၍ကျေနပ်ကြစေသောသူများ၊ လက်ခံနိုင်သောသူများ ဖြစ်ကြလိမ့်မည်ဖြစ်ပါသည်။

## November- 23 (နိုဝင်ဘာလ ၂၃)

**“ဘုရားသခင်၏ အလိုတော်ကို ဆောင်ပြီးမှ ဂတိတော်အတိုင်း အကျိုးကိုရမည့်အကြောင်း သည်းခံခြင်းစိတ်ရှိရမည်” (ဟေ ၁၀း၃၆)**

ဤနေရာတွင် စစ်ဆေးခြင်းဖြစ်သော ဘုရားသခင်၏အလိုတော်ကို လုပ်ဆောင်ရန်မျှသာ (သို့)ဆောင် ခြင်းမျှသာမဟုတ်ပါ။ အခြေအနေများ အားလုံး၏အောက်၌ အသက်တာကို အုပ်စိုးသောသူ၊ ကျွန်ုပ်တို့ နှလုံးသားများမှ ပညတ်တရားကဲ့သို့ ဘုရားသခင်၏ ဖြောင့်မတ်သော အလိုဆန္ဒကို တည်ဆောက်လျက် ကြံ့ကြံ့ခံ သည်းခံခြင်းအားဖြင့် ကျွန်ုပ်တို့တွင် ရှိသင့်သော ကျွန်ုပ်တို့၏ဆန္ဒစိတ်များ၌ ကျွန်ုပ်တို့၏နှလုံးသား များထဲ၌ (ဇာတိပကတိ၌ တစ်စိတ်တစ်ပိုင်းမျှသာလျှင်) စရိုက်လက္ခဏာနှင့် စပ်ဆိုင်သော ထိုအမှတ်၊ ထိုနေရာ ကိုရရှိပြီးနောက်မှသာလျှင် ဖြစ်သည်ကို ကျွန်ုပ်တို့တွေ့မြင်ရပါသည်။ ထိုအချိန်မတိုင်မှီ ဘုရားသခင် နိုင်ငံတော် အတွက် သင့်လျော်သော အခြေအနေသည် “ကျွန်ုပ်တို့၏နှလုံးသားယုံကြည်ခြင်းကို စစ်ကြောခြင်းအရာသည် သည်းခံခြင်းကို ပွားစေတတ်သည်ဟု” တမန်တော်ရှင်ယာကုပ်မှ ပြောခဲ့ပါသည်။ ကျွန်ုပ်တို့၏ ယုံကြည်ခြင်း သည် စစ်ကြောခြင်းကို ခံရပ်နိုင်မည်ဆိုလျှင် ၎င်းသည် သည်းခံခြင်းနှင့်စပ်ဆိုင်သော ဤစရိုက်လက္ခဏာကို ဖြစ်ပွားစေမည်ဟု ပြောဆိုရမည်ဖြစ်ပါသည်။ တနည်းအားဖြင့်ဆိုရလျှင် ကျွန်ုပ်တို့သည် သည်းခံခြင်းခံနိုင်ရည် ရှိခြင်းကို မရရှိခဲ့သော် ကျွန်ုပ်တို့ယုံကြည်ခြင်းသည် ကျေနပ်ဘွယ်ရှိစွာ စစ်ကြောခြင်း ခံရပ်နိုင်ခဲ့ခြင်းမရှိဟု ဆိုလိုခြင်းဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ကောင်းကင်နိုင်ငံအတွက် သင့်လျော်သောသူများ မဟုတ် ကြပါ။

## Noverber- 24 (နိုဝင်ဘာလ ၂၄)

**“ထို့ကြောင့် ဘုရားသခင်ကို ပြစ်မှားပြီ၊ လူကိုပြစ်မှားပြီဟု ကိုယ်စိတ်နှလုံးသည် ကိုယ်၌ အပြစ်တင်ခွင့်နှင့် အစဉ်ကင်းလွတ်မည့်အကြောင်း အကျွန်ုပ်သည် ကြိုးစားအားထုတ်ပါ၏။”**

**(တ ၂၄း၁၆)**

ကျွန်ုပ်တို့၏ ကျဆင်းလျက်ရှိသော သဘောသဘာဝ၏ အခြားအင်္ဂါအစိတ်အပိုင်းများ အားလုံးကို လုပ်သကဲ့သို့ ကျွန်ုပ်တို့၏အသိစိတ်များကို စည်းကမ်းဖြင့် ထိန်းချုပ်ရန်လိုအပ်ပါသည်။ အကယ်၍

ကျွန်ုပ်တို့၏ အသိစိတ်များအား စည်းကမ်းဖြင့် ထိန်းချုပ်ခဲ့သော် သူတို့အား စည်းကမ်းတကျထားခြင်းအားဖြင့် ကျွန်ုပ်တို့တွင် စံနှုန်းအချို့ကို ရရှိကြမည်ဖြစ်ပါသည်။ ၎င်း၏အဓိကစပရင်၏ သင့်လျော်သောထိန်းချုပ်ခြင်းအပေါ်တွင် မှီတည်၍ အချိန်ကိုပြသောသူအဖြစ် သူ၏မှန်ကန်ခြင်းကို ပြသရန် နာရီလက်တံများဖြင့် သင့်လျော်စွာပြုလုပ်ထားသော နာရီတစ်လုံးနှင့်တူပါသည်။ ထို့ကြောင့် သူသည် မှန်ကန်စွာအချိန်များကို ညွှန်ပြနိုင်ပါသည်။ ထိုနည်းတူ ကျွန်ုပ်တို့၏ အသိစိတ်များသည် အမှန်နှင့်အမှားကို ညွှန်ပြရန် အဆင်သင့်ရှိကြပါသည်။ သို့သော် နုတ်ကပတ်တော်၌ ကျွန်ုပ်တို့အား ပေးအပ်ခဲ့သည့်အတိုင်း ချစ်ခြင်းမေတ္တာ ပညတ်တရားနှင့်အတူ အပြည့်အဝ ညီညွတ်ခြင်းထဲသို့ ပို့ဆောင်ခဲ့သော စင်ကြယ်သော သဘော၊ အသစ်သောစိတ်သဘော၊ အသစ်သောအဓိကစပရင်နှင့်အတူ ဆက်သွယ်ခြင်း၌ ထိန်းချုပ်ခြင်းခံရပြီးနောက်မှသာ ဘယ်ဟာမှန်သည်၊ ဘယ်ဟာမှားသည်ကို ကျွန်ုပ်တို့အားပြောရန် သူတို့သည် မူတည်နေကြပါသည်။

## November- 25 (နိုဝင်ဘာလ ၂၅)

**"အပြစ်၏သွေးဆောင်ခြင်းကို ခံရသောသူမည်သည်ကား ဘုရားသခင်သည် ငါ့ကိုသွေးဆောင်တော်မူသည်ဟု မပြောစေနှင့်။ မကောင်းသောအရာသည် ဘုရားသခင်ကို မသွေးဆောင်နိုင်ရာ။ကိုယ်တော်သည်လည်း အဘယ်သူကိုမျှ အပြစ်သို့သွေးဆောင်တော်မမူ" (ယာ ၁း၁၃)**

သင့်လျော်သောအရာဟု ခမည်းတော်စဉ်းစားသော စုံစမ်းနှောက်ယှက်ခြင်းနှင့် စာတန်ထံမှလာသော စုံစမ်းနှောက်ယှက်ခြင်းတို့အကြား ခြားနားမှုတစ်ခုရှိပါသည်။ ပထမတစ်ခုသည် ဘုရားသခင်အား သစ္စာရှိရန်နှင့် ဖြောင့်မတ်ခြင်းနှင့်စပ်ဆိုင်သော သဘောတရားများအတွက် စစ်ဆေးခြင်းများဖြစ်ပြီး၊ ခံနိုင်ရည်ရှိကြသောသူများအားလုံးအတွက်နှင့် ဖြောင့်မတ်ခြင်းတရားအတွက် သူတို့၏သစ္စာရှိခြင်းကို ထင်ရှားပြသသောသူများအတွက် အကူအညီတစ်ခုဖြစ်ရန်နှင့် ကောင်းကြီးမင်္ဂလာတစ်ခုဖြစ်ရန် ရည်ရွယ်ပါသည်။ ဆန့်ကျင်ဘက်၌ စာတန်၏စုံစမ်းနှောက်ယှက်ခြင်းများသည် ဖုံးကွယ်ထားသော အန္တရာယ်များ၊ မကောင်းမှု၌ထောင်ချောက်များနှင့် မှားယွင်းစွာလုပ်ဆောင်ခြင်းများ၌ ရှိကြပါသည်။ အမှန်ကိုအမှား၊ အမှားကိုအမှန်အဖြစ်၄င်း၊ အလင်းနေရာ၌အမိုက်၊ အမိုက်နေရာ၌အလင်းကိုထားခြင်းကို လုပ်ဆောင်ရန် စုံစမ်းနှောက်ယှက်ပါသည်။ မကောင်းမှု၌ လွဲမှားစွာဖော်ပြခြင်းနှင့် လှည့်စားဖမ်းဆီးခြင်းကဲ့သို့သော သဘော၌ ဘုရားသခင်သည် လူကို မသွေးဆောင်ပါ။

## November- 26 (နိုဝင်ဘာလ ၂၆)

**"ထာဝရဘုရားကလည်းသင်၏လက်၌ အဘယ်အရာရှိသနည်းဟုမေးတော်မူလျှင်" (ထွ ၄း၂)**

မင်္ဂလာရှိသောသူ၏ အမှုတော်မြတ်၌ မည်သူမဆိုဘုရားသခင်၏ အသုံးပြုခြင်းကို ပိုမိုကြွယ်ဝစွာရှိချင်သည်ဆိုလျှင် သူ့အား ၎င်းအတွက် ပို၍ပို၍ သင့်လျော်မှုရှိရန် ဦးစွာရှာဖွေစေပါ။ ဘုရားသခင်၏အမှုတော်အတွက် မိမိကိုယ်ကို ငြင်းပယ်ခြင်း၊ မလျော့သော စိတ်အားထက်သန်ခြင်း၊ စွမ်းရည် ခွန်အားစိုက်ထုတ်ခြင်း၊ နှိမ့်ချခြင်းနှင့် နူးညံ့သိမ်မွေ့ခြင်း၌ ချစ်လှစွာသော ဂုဏ်ပြုထိုက်သော အစေခံကျွန် မောရှေအားသူ့ကိုအတုယူစေပါ။ သို့သော် ပညာနှင့် ပြည့်စုံသော ဘဏ္ဍာစိုးသည် သူ၏ ပါရမီအရည်အချင်းများနှင့်ဆိုင်သော လမ်းကြောင်းများတလျှောက် တိုးတက်ရန် အမြဲတမ်းရှာဖွေမည်ဖြစ်ပါသည်။ သူ၏ တိုးတက်ရေးအတွက် နိမိတ်လက္ခဏာတစ်ခုကို လုပ်ဆောင်ရန် ဘုရားသခင်ထံ မမျှော်လင့်ပါ။ ပိုင်ဆိုင်သော စွမ်းရည်အားဖြင့် မလုပ်ဆောင်ဘဲ တိုးတက်ရန် ရှာဖွေခြင်းသည် အလွန်တန်ဖိုးရှိသော အချိန်များကို ဖြုန်းတီးစေပါသည်။

ထို့ကြောင့် ကျွန်ုပ်တို့အားခေါ်ရန် ဘုရားသခင်သည် ကျေနပ်သော သူ၏အမှုတော်မြတ်နှင့် စပ်ဆိုင်သောမည်သည့်အခန်းကဏ္ဍ၌မဆို အသုံးပြုခြင်းခံရရန်အဆင်သင့်ဖြစ်ရန် ကျွန်ုပ်တို့အား ပြုလုပ်ပေးမည်ဖြစ်သော စိတ်နှလုံး၏ အခြေအနေ၌ရှိရန် သူ၏တန်ခိုးတော်၌ ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်အတွက် သူ၏အမှုကိစ္စအတွက် မေတ္တာအားဖြင့်ငှင်း၊ စိတ်အားထက်သန်မှုအားဖြင့်ငှင်း၊ နှိမ့်ချခြင်းအားဖြင့်ငှင်း၊ ကျွန်ုပ်တို့အယောက်တိုင်း ရှာဖွေကြပါစို့။

## November- 27 (နိုဝင်ဘာလ ၂၇)

**"ကာလအစဉ် စိတ်နှလုံးပါလျက် ဆုတောင်းပဌနာပြုခြင်း အမျိုးမျိုးတို့ဖြင့် ဆုတောင်းကြလော့။ ထိုသို့ ဆုတောင်းခြင်းငှါ အားမလျော့ဘဲလျက်၊ ငါမှစ၍ သန့်ရှင်းသူ အပေါင်းတို့အဘို့ဆုတောင်းလျက် စောင့်ရှောက်ကြလော့" (ဧ ၆း၁၈)**

ကျွန်ုပ်တို့ပြောဆိုရမည့် လုပ်ရမည့် အရာအားလုံး၌ ဆုတောင်းခြင်းနှင့်ဆိုင်သော စိတ်နှလုံး ကျွန်ုပ်တို့တွင် ရှိကြရမည် ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဘဝအသက်တာ အငန်းအတာအားလုံး၌ လမ်းပြခြင်းအတွက် ဘုရားသခင်ထံ ကျွန်ုပ်တို့၏ နှလုံးသားများ အဆက်မပြတ် ရောက်ရှိနေသည်ဟု ဆိုရမည်ဖြစ်ပါသည်။ သို့မှသာ သူလက်ခံနိုင်လိမ့်မည်ဖြစ်သော အပြုအမူ၌ ကျွန်ုပ်လုပ်နိုင်သမျှအတိုင်း မည်သည့်အရာကို ကျွန်ုပ်တို့လက်များမှ လုပ်ဆောင်နိုင်မည် ဖြစ်ပါသည်။ ထို့ပြင် ကျွန်ုပ်တို့ ခံရပ်နိုင်ခြင်း၏ နောက်ကွယ်တွင် ရှိလိမ့်မည်ဖြစ်သော စုံစမ်းနှောက်ယှက်ခြင်းမှ ကျွန်ုပ်တို့သည် သူအားဖြင့် ကာကွယ်ခြင်း ခံရလိမ့်မည်ဖြစ်ပြီး၊ ဆိုးညစ်သော မာနတ်ထံမှလည်း ကျွန်ုပ်တို့ လုံးဝလွတ်မြောက်ခြင်း ခံရလိမ့်မည်ဖြစ်ကာ ဘုရားသခင်၏ နိုင်ငံတော်၌ နေရာတစ်နေရာကို ရရှိကြမည်ဖြစ်ပါသည်။ ညီအစ်ကို ညီအစ်မများခင်ဗျား ၊"စုံစမ်းနှောက်ယှက်ခြင်းကို ခံရပ်နိုင်မည့်အကြောင်း ဆုတောင်းလျက် စောင့်နေကြလော့" ဟူသော ကျွန်ုပ်တို့ သခင်၏ ဤစကားကို လက်တွေ့ကျင့်ဆောင်လျက် ပို၍ပို၍ ကျွန်ုပ်တို့ မှတ်မိကြပါစို့။

## Noverber- 28 (နိုဝင်ဘာလ ၂၈)

**"ဘုရားသခင်သည် ချမ်းသာပေးတော်မူလျှင် အဘယ်သူ နှောက်ယှက်နိုင်သနည်း။" (ယောဘ ၃၄း၂၉)**

ပင်လယ်ပြင်အပေါ် ရုတ်တရက် ကျရောက်လာသော မုန်တိုင်းများကဲ့သို့ လူသားများအပေါ်သို့ မြင့်တက်လာသော ရှုပ်ထွေးမှုအခြေအနေများ၏ အလယ်၌ ငြိမ်သက်ချမ်းသာခြင်းကို ပေးနိုင်သော နှစ်သိမ့်ခြင်းအားလုံးတို့၏ ဘုရားသခင်သည် မည်သူနည်း? ကြီးကျယ်သောအန္တရာယ်၌ သမုဒ္ဒရာသတ္တဝါများနှင့် တူကြပြီး ကျွန်ုပ်တို့သည် သူ့ထံ အော်ဟစ်ကြသောအခါ သူသည် ကျွန်ုပ်တို့အား လိုချင်သော ကောင်းကင်ဘုံ၊ကောင်းကြီးမင်္ဂလာကောင်းကင်ဘုံ၊ ဘုရားသခင်၌ ငြိမ်သက်ချမ်းသာခြင်းနှင့် စပ်ဆိုင်သော ကောင်းကင်ဘုံကိုဆောင်ယူခဲ့ပါသည်။ ဤငြိမ်သက်ခြင်းအတွက် အဖြေကို ဆောင်ယူခဲ့သော အော်ဟစ်ခြင်းမှာ မည်သို့ ဖြစ်ပါသနည်း? ဆီးတားနှောက်ယှက်မှုအားလုံးဖယ်ရှားရန်အတွက် ဖြစ်ပွားသော ဆုတောင်းခြင်း တစ်ခုမဟုတ်ပါ။အဘယ်ကြောင့်ဆိုသော် ထိုနည်းလမ်း၌ လူစိတ်နှလုံးထံ ငြိမ်သက်ခြင်းကို အမြဲတမ်း ဆောင်ယူနိုင်မည့် အကောင်းဆုံးနည်းလမ်းတော့မဟုတ်ပါ။ သို့သော် ဘယ်သူမှ မနှောက်ယှက်နိုင်သော အခြေအနေမျိုး၌ ငြိမ်သက်ချမ်းသာခြင်းကို ယူဆောင်နိုင်ရန် ဘယ်တော့မှ မကျဆုံးသော အော်ဟစ်ခြင်း တစ်ခုရှိပါသည်။ ငှင်းသည် ဘုရားသခင်၏ အလိုတော်၌ ချိုမြိန်သော၊ မှန်ကန်သော၊ ချစ်ခြင်းမေတ္တာကို ပြသသော ငြိမ်သက်ချမ်းသာခြင်း ဖြစ်ပါသည်။

## November- 29 (နိုဝင်ဘာလ ၂၉)

### “မြော်လင့်ခြင်းအကြောင်းကို ဝန်ခံ၍၊ မတိမ်းယိမ်းမရွေ့လျော့ဘဲ တည်ကြည်ကြကုန်အံ့”။ အကြောင်းမူကား ဂတိထားတော်မူသော သူသည် သစ္စာနှင့် ပြည့်စုံတော်မူ၏” (ဟေ ၁၀း၂၃)

ဘုရားသခင်၏ ဂတိတော်များသည် အုတ်မြစ်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ မြော်လင့်ခြင်းများအားလုံး နှင့် စရိုက်လက္ခဏာအတွက်သော်၎င်း (သို့) လာမည့်ဘုန်းအသရေအတွက်သော်၎င်း၊ ဂတိတော်များ အပေါ်၌ တည်ဆောက်ထားပါသည်။ ဤသမ္မာတရားကို ကျွန်ုပ်တို့ တန်ဖိုးထားကြပါစို့။ သို့မှသာ ကျွန်ုပ်တို့သည်မည်သည့် ပမာဏ၌၎င်း၊ မည်သည့် နားလည်သိမြင်ခြင်း၌၎င်း၊ အပေးအယူ ပြုလုပ်လိမ့်မည် မဟုတ်ပါ။ စာ၌သာ သမ္မာတရားကို မကိုင်စွဲဘဲ စိတ်ဝိညာဉ်၌၎င်း၊ ချစ်ခြင်း၌၎င်း စွဲကိုင်ကြပါစို့။ အဘယ်ကြောင့်ဆိုသော်၎င်းသည် သမ္မာတရားဖြစ်သလို အလွန်လှပပြီး အရေးပါသောကြောင့် ဖြစ်ပါသည်။ ကြံ့ကြံ့ခံသည်းခံခြင်းနှင့်ဆိုင်သော အရေးကြီးခြင်းကိုလည်း ကျွန်ုပ်တို့ သတိရမှတ်မိကြပါစို့။ ကျွန်ုပ်တို့သည် ခရစ်ယာန်ကျေးဇူးတော်များကို တိုးတက်ခြင်းနှင့် လက်တွေ့ကျင်လည်ခြင်း၌သာလျှင် မဟုတ်ဘဲ အလွန်အရေးကြီးဆုံးသော အရာတစ်ခုအဖြစ် သခင်ယေရှု ရှင်းလင်းပြသခဲ့သော ဤစရိုက် လက္ခဏာ တိုးတက်ခြင်းအတွက် နှင့် ကျွန်ုပ်တို့အား စစ်ဆေးခြင်း အတွက် ကျွန်ုပ်တို့အပေါ်သို့ ကျရောက်ရန် ခွင့်ပြုရန်အတွက် သင့်လျော်သောအရာဟု ကျွန်ုပ်တို့သခင် မြင်တော်မူသော အခက်အခဲများ (သို့)ညှင်းပန်းနှိပ်စက်မှုများနှင့် စစ်ဆေးခြင်းများကို ဝမ်းမြောက်စွာ ကျွန်ုပ်တို့ ဆောင်ယူကြရန် ဖြစ်ပါသည်။ ဤစစ်ဆေးခြင်းမပါဘဲ စုံလင်သောမေတ္တာကို မရရှိနိုင်သလို၊ ထိန်းသိမ်း မထားနိုင်ပါ။

## November- 30 (နိုဝင်ဘာလ ၃၀)

### ‘ငါသည်လည်း ကပ်ကမ္ဘာကုန်သည်တိုင်အောင် သင်တို့နှင့်အတူ အစဉ်မပြတ်ရှိသည်ဟု တပည့်တော်တို့အား မိန့်တော်မူ၏” (မ ၂၈း၂၀)

မျိုးစေ့ကြဲခြင်းအလုပ်ကို ကြီးကြပ်ရန် အလွန်ဂရုစိုက်ခဲ့တော်မူသော သူသည် ရိတ်သိမ်းခြင်း၌လည်း သူ၏ဂရုစိုက်မှုနှင့် စိတ်ဝင်စားမှုသည် မနည်းသည်မှာ အမှန်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ယေရှုခရစ်၏ အစေကို ခံနေကြသူများ ဖြစ်သည်ကို သတိရအောက်မေ့လျက် ခွန်အားအစွမ်းသတ္တိနှင့်အတူ သမ္မာတရား တည်းဟူသော တံစဉ်ကို ခိုလှုံကိုးစားကြပါစို့။ ရိတ်သိမ်းခြင်းအတွက် ကျွန်ုပ်တို့သည် တာဝန်ရှိကြသောသူများ မဟုတ်ကြောင်းကိုလည်း သတိရအောက်မေ့ပါ။ သို့သော် ကျွန်ုပ်တို့ တွေ့နိုင်သည့် ဝင်းမှည့်သော ဂျုံစပါးကို စုသိမ်းရာ၌ ကျွန်ုပ်တို့၏ စွမ်းအားများအတွက်သာ တာဝန်ရှိပါသည်။ ဝင်းမှည့်သော စပါးအနည်းငယ်ကို တွေ့ရှိခြင်းအတွက် ကြီးစွာသော အလုပ်ရှိခဲ့သော် ကျွန်ုပ်တို့တွေ့ရှိသော သူများ၌ ကျွန်ုပ်တို့သည် သာ၍ ဝမ်းမြောက်ကြရမည် ဖြစ်ပါသည်။ မွန်မြတ်သော အလွန်အဖိုးထိုက်သော ထိုအရာများကို အသိအမှတ်ပြုရန် ချစ်ရန် သင်ယူပါ။ ဤအမှုတော်၌ ကျွန်ုပ်တို့ တတ်နိုင်သော ဉာဏ်ပညာအားလုံးကို အသုံးပြုနေစဉ် သူ၏ အမှုတော်၌ ကျွန်ုပ်တို့အားပေးသော ဝေစု၌ သခင်ဘုရား၏ ဦးတည်ချက်သည် ကျွန်ုပ်တို့အပေါ်သို့ လုပ်ဆောင်ခြင်းအားဖြင့် ဆောင်ယူလာလိမ့်မည်ဖြစ်သော ကောင်းကြီးမင်္ဂလာ၌ ကဲ့သို့ ကျွန်ုပ်တို့ ပြီးမြောက် အောင်မြင်နိုင်သော အရာသည် သိပ်မများပါ။